# အိပ်မက်ဖွဲ့ပါ

အိပ်မက်ဖွဲ့ပါ
အိပ်စက်ခွင့်ဘဝထဲညတွေကိုခေါ်လာပေးပါ
ငါဟာ ညတွေထဲပျော်မွေ့လိုသူလည်းဖြစ်တယ်
အိပ်မက်ဖွဲ့ပါ
တိုးတိတ်ညည်းညူသံတွေ ဘဝထဲတို့ထိနေကြ
ငါဟာ လောကထဲခရီးဆက်လိုသူလည်းဖြစ်တယ်
အိပ်မက်ဖွဲ့ပါ
ဘဝဆိုတာလွှမ်းစရာလို့ပဲ အဖြေထုတ်နေမိ
ငါဟာ အလွမ်းတွေကိုပဲ သံယောဇဉ်ကြီးမိသူလည်းဖြစ်တယ်
အိပ်မက်ဖွဲ့ပါ
နာရီရဲ့ခြေသံတွေမင်းမူတဲ့ညများ
ငါဟာ သံယောဇဉ်တွေထဲ အလင်းတစ်စရှာနေသူလည်းဖြစ်တယ်
အိပ်မက်ဖွဲ့ပါ
ညလယ်သန်းခေါင်ယံတေး အိမ်မြှောင်စုတ်ထိုးသံ
ငါဟာ အလင်းတစ်စထဲ ဘဝကိုမောင်းနှင်နေလိုသူလည်းဖြစ်တယ်
အိပ်မက်ဖွဲ့ပါ
နေ့နေ့ညညနာရီတွေရဲ့ခရီးရှည်ထဲ
ငါဟာ စက္ကန့်မိနစ်တွေကို အဖော်ပြုပေးနေမိသူလား
အိပ်မက်ဖွဲ့ပါ
တိတ်ဆိတ်ခြင်းတွေရဲ့ ဥပက္ခာရှင်သန်မှုတွေထဲ
ဘဝကို ငါ့ထံအိမ်မြဲဖို့ အိပ်မက်ဖွဲ့လိုက်တယ်။